# ပြည်သူ့ဆန္ဒခံယူပွဲကို ဆန့်ကျင်သူမှန်သမျှ ထောင်သွင်းအကျဉ်းချရန် နအဖမှအမိန့်ထုတ်ပြန်

မြန်မာစစ်အုပ်စုက ဦးစီးကျင်းပမည့် အခြေခံဥပဒေမူကြမ်းအား ဆန့်ကျင်ဝေဖန်သည့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ စကားပြောခြင်းများကို လှုပ်ရှားနေသည့် မည်သူ့ကိုမဆို မေလအတွင်းကျင်းပမည့် ဆန္ဒခံယူပွဲဆိုင်ရာဥပဒေအရ အနိမ့်ဆုံး ထောင်ဒဏ်သုံးနှစ်ချမှတ်ခြင်းခံရနိုင်ကြောင်း စစ်အုပ်စုပိုင်မီဒီယာသတင်းများမှ ထုတ်ပြန်ကြေညာခဲ့သည်။

ဖေဖော်ဝါရီလ (၉) ရက်နေ့က ဤကြေညာချက်သည် လမ်းပြမြေပုံ (၇) ချက်နှင့်ပတ်သက်၍ နေ့ရက်အချိန်အတိအကျ ပြောဆိုခြင်းမရှိခဲ့သည့် စစ်အုပ်စုမှ ပထမဦးဆုံးအကြိမ်အဖြစ်၊ ပထမခြေလှမ်းအဖြစ် ဆန္ဒခံယူပွဲနှင့်စပ်လျဉ်းသော အစီအစဉ်များကို ကြေညာခဲ့ခြင်းဖြစ်သည်။ ထို့အပြင် အထွေထွေရွေးကောက်ပွဲကိုလည်း လာမည့်သက္ကရာဇ် ၂၀၁၀ ခုနှစ်တွင် ကျင်းပမည်ဖြစ်ကြောင်းကြေညာခဲ့သည်။

ယင်းဆန္ဒခံယူပွဲဆိုင်ရာဥပဒေအရ မဲဆန္ဒပေးရာတွင် 'သဘာဝဘေးအန္တရာယ်' ကြောင့်သော်လည်းကောင်း၊ 'လုံခြုံရေး' အခြေအနေအရသော်လည်းကောင်း (သို့မဟုတ်) 'အခြားအခြားသော ဆန္ဒခံယူပွဲအား နှောင့်ယှက်ဖျက်ဆီးမည့် မည်သည့်ဘေးဥပါဒ်' မဆို ကျရောက်နိုင်ပါက ရက်ရွှေ့ဆိုင်းခြင်း၊ (သို့မဟုတ်) ဖျက်သိမ်းခြင်း (သို့မဟုတ်) နေရာပြောင်းရွှေ့ခြင်းများ ပြုလုပ်နိုင်ခွင့်ရှိကြောင်း ဖော်ပြထားသည်။

မြန်မာ့အရေးလေ့လာသုံးသပ်သူများက စစ်အုပ်စု၏ အတိုက်အခံအင်အားစုများ၊ အထူးသဖြင့် နိုဗယ်လ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ ပါဝင်ရေးဆွဲခွင့်မရှိခဲ့သည့် နအဖစစ်အုပ်စု၏ လမ်းပြမြေပုံအဆင့်တိုင်းသည် ဒီမိုကရေစီနည်းလမ်းမကျကြောင်း ထောက်ပြဝေဖန်သုံးသပ်ကြသည်။ ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အဲန်အယ်လ်ဒီ) သည် ၁၉၉၀ ခုနှစ်၊ စစ်အုပ်စုက ကြီးမှူးကျင်းပပေးခဲ့သည့်ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သော်လည်း နှစ်ပေါင်းနှစ်ဆယ်နီးပါး အာဏာလွှဲပေးရန် စစ်အုပ်စုဘက်မှ ပျက်ကွက်နေခဲ့သည်။

စစ်အုပ်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေမူမူကြမ်းအသစ်သည် နိုင်ငံတော်စီမံအုပ်ချုပ်မှုများတွင် ဒေါ်အောင်ဆန်းစုကြည် တရားဝင်ပါဝင်လာနိုင်ခွင့်ကို ကာကွယ်တားဆီးခြင်းနှင့် စစ်အာဏာရှင်စနစ် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်သာ ရည်ရွယ်ထားခြင်းဖြစ်သောကြောင့် အတိုက်အခံအင်အားစုများက လက်မခံနိုင်ကြောင်း ငြင်းချက်ထုတ်ကြသည်။ ဤဖွဲ့စည်းပုံမူကြမ်းသည် ဖေဖော်ဝါရီလ (၉) ရက်နေ့က အပြီးသတ်ခဲ့ကြောင်း အစိုးရအသံလွှင့်ဌာနများမှ ကြေညာခဲ့သော်လည်း ယခုထက်တိုင် လူထုလက်သို့ရောက်ရှိလာခြင်းမရှိသေးပေ။

မြန်မာပြည်တွင် ၁၉၈၈ ခုနှစ်တွင် အရေးအခင်းဖြစ်ပွားခဲ့ပြီးနောက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ) ပြုတ်ကျသွားချိန်မှစ၍ မဆလ၏ ၁၉၇၄ ခုနှစ် အခြေခံဥပဒေပါ တပါတည်းပျက်ပြယ်ခဲ့သည့်အတွက် စစ်တပ်မှ အာဏာလွှဲပြောင်းယူခဲ့ချိန်မှစ၍ ဥပဒေဟူ၍မရှိတော့ဘဲ နှစ်ပေါင်း (၂၀) ဥပဒေမဲ့ စစ်တပ်မှ အုပ်ချုပ်နေခဲ့ခြင်းသာဖြစ်သည်။

ဆန္ဒခံယူပွဲဆိုင်ရာ အခန်း (၈) တွင် မဲရေတွက်ခြင်းနှင့်ပတ်သက်သော ဥပဒေ၌ '(၁၀) ဦးထက်မနည်းသော ဆန္ဒမဲပေးခွင့်ရှိသူတို့၏ရှေ့မှောက်တွင် မဲပုံးများကိုစစ်ဆေးပြီးနောက် ယင်းမဲပုံးများကိုဖွင့်၍ ဆန္ဒမဲများရေတွက်ရမည်'ဟု ဖော်ပြပါရှိသည်။ ပြည်တွင်းပြည်ပရှိ အတိုက်အခံအင်အားစုများက တောင်းဆိုနေသော၊ စစ်အုပ်စု၏ မိတ်ဆွေအိမ်နီးချင်းနိုင်ငံများက လိုလားနေသည့် ကုလသမဂ္ဂမှသော်လည်းကောင်း၊ အာဆီယံနိုင်ငံများမှသော်လည်းကောင်း၊ မည်သည့်အဲန်ဂျီအိုအဖွဲ့အစည်းများမှသော်လည်းကောင်း လာရောက်လေ့လာစောင့်ကြည့်ခြင်းအား ခွင့်ပြုမည်၊ မပြုမည်ကို ဖော်ပြထားခြင်း မတွေ့ရပေ။

တားမြစ်ချက်နှင့် ပြစ်ဒဏ်ဆိုင်ရာ အခန်း (၁၀) ၏ ပုဒ်မခွဲ (ဇ) တွင် 'ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကိုပျက်ပြားစေရန် မဲရုံအတွင်း၌ဖြစ်စေ၊ မဲရုံပရဝဏ်အတွင်း၌ဖြစ်စေ၊ အများပြည်သူတို့နှင့်သက်ဆိုင်သောနေရာ၌ဖြစ်စေ၊ ပုဂ္ဂလိကပိုင်နေရာ၌ဖြစ်စေ၊ ဟောပြောခြင်း၊ စာရွက်စာတမ်းများ ကမ်းလှမ်းခြင်း၊ ပိုစတာများအသုံးပြုခြင်း (သို့မဟုတ်) ဆန္ဒမဲပေးခြင်းကို အခြားတနည်းနည်းဖြင့် နှောက်ယှက်ခြင်း' စသည့် တားမြစ်ချက်တရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊ ဖောက်ဖျက်ရန်အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်၍ ပြစ်မှုမြောက်သော ပြုလုပ်မှုတခုခုကိုပြုလုပ်ကြောင်း (သို့မဟုတ်) ဖောက်ဖျက်ရာတွင် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက သုံးနှစ်ထက်မနည်းသော ထောင်ဒဏ်၊ ကျပ်တသိန်းထက်မပိုသောငွေဒဏ်နှင့် ထိုပြစ်ဒဏ်နှစ်ရပ်လုံး ကျခံနိုင်သည်ဟုလည်း ဖော်ပြထားသည်။ ❖


စစ်အာဏာရှင်အုပ်စိုးမှုအောက်မှ ပြည်သူလူထု

# ကုလအထူးကိုယ်စားလှယ်၏တင်ပြချက်များအားလုံးစစ်အုပ်စုမှပယ်ချ

မြန်မာ့အရေးကိစ္စများတွင် ကြားဝင်ဖြေရှင်းပေးနိုင်ရန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး၏ အထူးကိုယ်စားလှယ်အား မြန်မာနိုင်ငံအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းနှင့်ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မြန်မာပြည်တွင်းရေးကိစ္စကို ပြည်ပမှဖြေရှင်းပေးရန် မလိုကြောင်း ပြောကြားခဲ့သည်။


သတင်းထောက်များ၏မေးမြန်းမှုများအားပြန်လည်ဖြေကြားပေးနေသည့်ကုလကိုယ်စားလှယ်

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းထံမှ ဖေဖော်ဝါရီလ (၁၉) ရက်နေ့စွဲဖြင့် ပေးပို့လိုက်သောစာတွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ကိုယ်စားလှယ်တဦး ရန်ကုန်တွင်ရုံးဖွင့်ခွင့်ပေးရန်၊ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တွင် တိုင်းရင်းသားပြည်သူတရပ်လုံး၏ သဘောထားများပါဝင်ခွင့်ရှိရေး အစီအစဉ်များချမှတ်ပေးရန်၊ ဒေါ်အောင်ဆန်းစုကြည်နှင့် စစ်အုပ်စုကြားတွင် အချိန်ကန့်သတ်ချက်ရှိသည့်ဆွေးနွေးပွဲရှိလာစေရန်တို့ကို တောင်းဆိုခဲ့ခြင်းဖြစ်သည်။

သောကြာနေ့က နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၌ ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်တွေ့ဆုံခဲ့ရာတွင် ကုလသမဂ္ဂမှတောင်းဆိုချက်အားလုံးကိုလည်း ပယ်ချခံခဲ့ရသည်။

ကုလသမဂ္ဂ၏ သတင်းထုတ်ပြန်ချက်များအရ မစ္စတာဂမ်ဘာရီသည် အမျိုးသားရေးစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးမှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၊ ပြည်သူ့ဝန်ဆောင်မှုအဖွဲ့မှ ဒေါက်တာသန်းညွန့်၊ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဦးကျော်သူတို့နှင့် တွေ့ဆုံခဲ့ကြောင်းသိရသည်။ သို့သော် ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလခရီးစဉ်ကဲ့သို့ပင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တွေ့ခွင့်မရခဲ့ပေ။

နောက်ထပ်တောင်းဆိုမြဲ အချက်တချက်ဖြစ်သော နိုင်ငံရေးအကျဉ်းသားများအားလုံးပြန်လွှတ်ပေးရေးနှင့်တကွ ကုလသမဂ္ဂကူညီမှုဖြင့် စီးပွားရေး၊ လူမှုရေးကိစ္စများကိုဖြေရှင်းရန်၊ အမျိုးသားစီးပွားရေးဖိုရမ်တခုထူထောင်ရန်နှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးရေးတို့တွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်သည့် အစီအစဉ်များပါဝင်နေသည့်တိုင် ပြန်ကြားရေးဝန်ကြီးက အားလုံးကိုပယ်ချခဲ့သည်။

မစ္စတာဂမ်ဘာရီသည် သောကြာနေ့က ဦးသောင်းညွန့်ဦးဆောင်သည့် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်အဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ် နိုင်ငံတကာစောင့်ကြည့်ရေးအဖွဲ့အား ဖိတ်ခေါ်ရန်အဆိုပြုခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။

စနေနေ့နံနက်ပိုင်းတွင် ဦးအောင်ခမ်းထိဦးဆောင်သော ပအို့ဝ်အဖွဲ့၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးခင်မောင်ကြီးခေါင်းဆောင်သောအဖွဲ့၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးတွဲဖက်အတွင်းရေးမှူး ဦးဇော်မင်းဦးဆောင်သောအဖွဲ့တို့နှင့် တွေ့ဆုံခဲ့သည်။

မစ္စတာဂမ်ဘာရီ၏ တတိယမြောက် မြန်မာပြည်သို့ခရီးစဉ်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် နှစ်ကြိမ်တွေ့ဆုံခွင့်ရခဲ့သော်လည်း သူတင်ပြသောအချက်အားလုံးအား စစ်အုပ်စုမှပယ်ချခံခဲ့ရပြီးနောက် မြန်မာပြည်မှ စောစီးစွာ ပြန်လည်ထွက်ခွာသွားခဲ့သည်။ ❖

# ကုလလူ့အခွင့်ရေးကိုယ်စားလှယ်မြန်မာပြည်ဝင်ခွင့်ဗီဇာပိတ်ပင်ခံရ


နအဖစစ်အစိုးရ၏ပြည်ဝင်ခွင့်ဗီဇာပိတ်ပင်ခြင်းခံလိုက်ရသည့်မစ္စတာပီနဲရိုး

မတ်လ (၁၅) ရက်၊

ကုလသမဂ္ဂ၏ လူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာပီနဲရိုးအား မြန်မာစစ်အစိုးရက ပြည်ဝင်ခွင့်ဗီဇာပိတ်ပင်လိုက်ကြောင်း ကုလသမဂ္ဂအရာရှိတဦးမှ ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် မစ္စတာပီနဲရိုးက မြန်မာစစ်အုပ်စုအား ပြစ်တင်ရှုတ်ချလိုက်သည်။

မစ္စတာပီနဲရိုးသည် ၎င်း၏နိုင်ငံကူးလက်မှတ်ထုတ်ယူရန် အသင့်ဖြစ်နေပြီဟူသော သတင်းကိုရထားခဲ့ပြီးမှ နေ့ခင်းပိုင်းတွင် ဗီဇာထုတ်မပေးကြောင်းသိခဲ့ရသည်ဟု သတင်းများကဆိုသည်။

မစ္စတာပင်နဲရိုးသည် မတ်လ (၁၃) ရက်၊ ကြာသာပတေးနေ့က ကုလသမဂ္ဂလုံခြုံရေးကောင်စီကိုတင်သောအစီရင်ခံစာတွင် မြန်မာစစ်အုပ်စုသည် စက်တင်ဘာသံဃာ့အရေးအခင်းနောက်ပိုင်းတွင် မြန်မာနိုင်ငံတွင်း ဖိနှိပ်ချုပ်ခြယ်မှုများ ပိုမိုပြုလုပ်လာကြောင်း ဖော်ပြခဲ့သည်။

၂၀၁၀ တွင် ရွေးကောက်ပွဲကျင်းပရန် ကြေညာထားသော်လည်း လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်များမရှိဘဲ ကျယ်ကျယ်ပြန့်ပြန့် တားမြစ်ပိတ်ပင်ထားသောကြောင့် ကုလသမဂ္ဂအနေနှင့် လက်ခံယုံကြည်ရန် အခက်အခဲရှိကြောင်းလည်း ထိုအစီရင်ခံစာတွင် ဖော်ပြပါရှိသည်။ ❖

**လူထုအားနဲ့ စစ်အာဏာရှင်စနစ်ချေမှုန်းပစ်**



# ဖိနှိပ်ကန့်သတ်မှုများ၊ ကွယ်ဝှက်ထားမှုများ ရှိနေသော်ငြား၊ ပြည်သူ့ဆန္ဒခံယူပွဲဆိုင်ရာ စည်းမျဉ်းဥပဒေများကို လေ့လာ ဆွေးနွေးရေးသည် ပြည်သူတိုင်း၏တာဝန်ဖြစ်

**ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ တွဲဘက်အထွေထွေအတွင်းရေးမှူး (၂) ဦးမျိုးဝင်းနှင့် မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ (မိုးကြိုးသတင်းစဉ်) တွေ့ဆုံမေးမြန်းခန်း**

> “ စစ်အုပ်စုရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန္ဒခံယူပွဲကို လက်မခံနိုင်လို့ ဆန့်ကျင်သူတွေက မဲရုံမသွားဘဲ ဆန့်ကျင်သပိတ်မှောက်နေလိုက် ရင် ကျနော်တို့ရရှိမယ့် ဒီမဲတွေဟာ ကန့်ကွက် မဲမဖြစ်လာဘဲ ကြားနေမဲဖြစ်သွားနိုင်တယ်၊ မဲလာပေးသူ စစ်အုပ်စုရဲ့ နောက်လိုက်ဆန္ဒမဲနဲ့ပဲ အတည်ပြုချက်ယူသွားနိုင်တယ်၊ ဒီအတွက် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်းအနေနဲ့ မိမိရဲ့ဆန့်ကျင်မှု၊ လက်မခံနိုင်မှုကိုဖော်ပြနိုင်ဖို့ မဲရုံကို သွားပြီး ကန့်ကွက်မဲကို မဖြစ်မနေ ထည့်ကြဖို့လိုမယ်... ”

*မေး ။ ။ ဦးမျိုးဝင်းအနေနဲ့ နီးကပ်လာနေ တဲ့ လူထုဆန္ဒခံယူပွဲနဲ့ပတ်သက်ပြီး ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုဟာ ဘယ်လိုဖြစ်သင့်တယ်လို့ ထင်ပါသလဲ။ မဲရုံကို သွားပြီး ကန့်ကွက်မဲပေးဖို့ တိုက်တွန်းမလား။ မဲရုံမသွားဘဲ ဆန့်ကျင်သပိတ်မှောက်ကြဖို့ အကြံပေးမလား။*

ဖြေ ။ ။ လက်ရှိ လူထုဆန္ဒခံယူပွဲဟာ နအဖစစ်အုပ်စုက တဖက်သတ်ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူလူထုကြီး တရပ်လုံးအနေနဲ့ လက်ခံနိုင်သလား။ လက်မခံနိုင်ဘူးလားဆိုတာကို ဆုံးဖြတ်ချက်ပေးရမယ့် လုပ်ငန်းစဉ်ကြီးဖြစ်တယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ ပြည်သူလူထုကပေးအပ်ထားသော အခွင့်အာဏာနဲ့အညီ အုပ်စိုးသူအစိုးရကို တိုင်းပြည်အုပ်ချုပ်စေဖို့ ပြည်သူနဲ့အစိုးရအကြား ချုပ်ဆိုထားတဲ့ ပဋိညာဉ်ဖြစ်တယ်။ ဒီအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်အဆင့်ဆင့်မှာရော အတည်ပြုတဲ့အဆင့်မှာပါ ပြည်သူလူထုရဲ့ အခန်းကဏ္ဍဟာ အင်မတန်မှ အရေးကြီးတယ်။

ဒါပေမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခဲ့တဲ့ လုပ်ငန်းစဉ်အဆင့်တိုင်းမှာ လူထုရဲ့ ပါဝင်ခွင့်၊ အကြံပြုတင်ပြပိုင်ခွင့်၊ ဝေဖန်ဆွေးနွေးခွင့် လုံးဝမရှိတဲ့အပြင် (၅/၉၆) ကဲ့သို့သော မတရားတဲ့ အမိန့်အာဏာနဲ့ ကန့်သတ်ဖိနှိပ်ထားတယ်။ ပြည်လုံးကျွတ်လူထုဆန္ဒခံယူပွဲကျမှသာလျှင် လူထုရဲ့ပါဝင်ခွင့်ကို စစ်အုပ်စုကခွင့်ပြုထားတာဖြစ်တယ်။ ဒီနေရာမှာလည်း စစ်အုပ်စုအနေနဲ့ စစ်မှန်တဲ့ လူထုရဲ့သဘောထားကိုရယူဖို့ ထက် ဖိနှိပ်မှု၊ ခြိမ်းခြောက်မှု၊ လိမ်လည်မှုနည်းလမ်းမျိုးစုံနဲ့ အမှုအတည်ပြုချက်ယူဖို့အတွက် ဆောင်ရွက်နေတာသာဖြစ်ကြောင်း ထင်ရှားနေတယ်။

ဒီအတွက် မဲပေးပိုင်ခွင့်ရှိတဲ့ နိုင်ငံသားတဦးချင်းစီရဲ့ ရွေးချယ်ဆုံးဖြတ်မှုဟာ အရေးပါတယ်။ ပြည်သူတွေအနေနဲ့ နအဖက ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပြည်သူလူထုရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စတဲ့အခွင့်အရေးတွေကို ကာကွယ်ပြဋ္ဌာန်းပေးထားရဲ့လားဆိုတာကို သိရှိနိုင်ဖို့အတွက် သေသေချာချာ ဆန်းစစ်လေ့လာသိရှိကြဖို့လိုမယ်။ ဒါဟာ ပြည်သူလူထုပူးပေါင်းပါဝင်မှုအတွက် အဓိကကျသလို နိုင်ငံသားတဦးချင်းစီရဲ့ နိုင်ငံရေးအခွင့်အရေးလည်းဖြစ်တယ်။

စစ်အုပ်စုကသူတို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ စစ်အာဏာရှင်စနစ် ရာသက်ပန်တည်မြဲစေဖို့အတွက်ဖြစ်တယ်ဆိုတာ ပြည်သူတွေသိရှိသွားမှာကိုစိုးရိမ်ပြီး အခုချိန်ထိချမပြသေးဘူး။ လေ့လာခွင့်၊ ဆွေးနွေးခွင့် မပေးသေးဘူး။

ဒီအတွက် ပြည်သူတရပ်လုံးအနေနဲ့ ဖိနှိပ်ကန့်သတ်မှုတွေရှိနေသော်ငြားလည်း လေ့လာခွင့်၊ ဆွေးနွေးခွင့်ရအောင် စပြီး တိုက်ယူရမယ်။ ခွင့်မပြုလည်း လေ့လာကြရမယ်။ ဆွေးနွေးကြရမယ်။ တပြည်လုံး အတိုင်းအတာနဲ့ စစ်အုပ်စုရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် ဆွေးနွေးပွဲတွေ စီစဉ်ဆောင်ရွက်ရမယ်။

စစ်အုပ်စုက ဖွဲ့စည်းပုံအခြေခံဥပဒေကို လူထုထံမချပြသေးရင်တောင်မှ သူတို့တရားဝင်ထုတ်ဝေထားတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာတွင် အမျိုးသားညီလာခံစုံညီ အစည်းအဝေးများက ချမှတ်သည့် အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမည့်မူများစာအုပ်ကိုပဲ လေ့လာသင့်ပြီ။ ဆွေးနွေးပွဲတွေ စတင်သင့်ပြီ။ သိရှိနားလည်တဲ့သူတွေကလည်း ဒီစာအုပ်ကို မိတ္တူကူးယူပြီး ပြည်သူလူထုအတွင်း များများဖြန့်ဝေသင့်တယ်။ ဒါဟာ လူထုအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မယ့် လုပ်ငန်းစဉ်တရပ်ဖြစ်တယ်။ ဒီလိုပြည်သူတရပ်လုံး ဆွေးနွေးလေ့လာမှုအပေါ် စစ်အုပ်စုအနေနဲ့ ဘာဥပဒေနဲ့မှ ဖမ်းဆီးခွင့်မရှိပါဘူး။ ဖမ်းဆီးမယ်ဆိုရင်တောင် သန်း (၅၀) ကျော်တဲ့ပြည်သူတွေအတွက် စစ်အုပ်စုက ထိမ်းချုပ်နိုင်ဖို့ အကျဉ်းထောင်မရှိပါဘူး။

ကျနော့်အနေနဲ့ စစ်အုပ်စုကရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို မူပိုင်းဆိုင်ရာနဲ့ ဥပဒေပြဋ္ဌာန်းချက်များအရရော၊ ပြည်သူတွေရဲ့ ပါဝင်ခွင့်လုံးဝမရှိခဲ့ဘဲ ရေးဆွဲခဲ့တဲ့လုပ်ငန်းစဉ် အဆင့်ဆင့်အရရော လုံးဝလက်မခံနိုင်ဘူး။ ဒီအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ လူထုဆန္ဒခံယူပွဲကိုပါ ပြည်သူတရပ်လုံးက အခုကတည်းက နည်းမျိုးစုံနဲ့ တိုက်ဖျက်ကြဖို့လိုမယ်။ အကယ်၍ ကြိုးပမ်းတိုက်ဖျက်လျက်နဲ့ လူထုဆန္ဒသဘောထားကို လုံးဝလစ်လျူရှုပြီး စစ်အုပ်စုအနေနဲ့ ဆန္ဒခံယူပွဲကို အတင်းအဓမ္မကျင်းပလာရင်လည်း ဆက်လက်တိုက်ဖျက်နိုင်ဖို့အတွက် ပြင်ဆင်ထားရှိရမယ်။ ဒီလုပ်ငန်းစဉ်နှစ်ရပ်ကို တပြိုင်နက်ဖော်ဆောင်သွားဖို့လိုမယ်။

လူထုဆန္ဒခံယူပွဲအဆင့်ကိုရောက်ပြီး တိုက်ဖျက်မယ်ဆိုတဲ့အခါမှာလည်း မဲရုံသွားပြီး ကန့်ကွက်မဲပေးကြမလား (ပူးတိုက်မလား)၊ မဲရုံမသွားဘဲ ဆန့်ကျင်သပိတ်မှောက်ကြမလား (ခွာတိုက်မလား) ဆိုတာ ရွေးချယ်စရာနည်းလမ်း နှစ်ခုရှိလာတယ်။ ဒီအတွက် စစ်အုပ်စုက ကလိမ်ကကျစ်ကျမယ့်ဟာတွေ၊ ပြည်သူတွေရဲ့ လိုက်ပါနိုင်မှုတွေ၊ မိမိတို့အတွက် အားအသာဆုံးနည်းလမ်းတွေကို ပေါင်းစပ်ရွေးချယ်နိုင်ဖို့လိုမယ်။

စစ်အုပ်စုရဲ့ မြုပ်ကွက်၊ လှည့်ကွက်တွေကို ဆန်းစစ်ကြည့်ရရင် စစ်အုပ်စု ဖွဲ့စည်းပုံအခြေခံ ဥပဒေရဲ့ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲနဲ့ အတည်ပြုမယ်လို့ ရေးဆွဲပြဋ္ဌာန်းထားတယ်။ ဒါပေမယ့် စစ်အုပ်စုက ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကို ထုတ်ပြန်လာတဲ့အခါ အခန်း (၉) ဆန္ဒမဲများ ကြေငြာခြင်းအခန်းမှာ မဲပေးခွင့်ရှိသူဦးရေ၊ ဆန္ဒမဲပေးသူဦးရေနဲ့ ထောက်ခံမဲပေးသူဦးရေနှင့် ၎င်းတို့၏ နှိုင်းယှဉ်ချက်ကို ရာခိုင်နှုန်းဖြင့်ဖော်ပြရမယ်လို့သာ ပြဋ္ဌာန်းထားပြီး အတည်ပြုမဲ့နည်းလမ်းကို လုံးဝပြဋ္ဌာန်းမထားဘူး။ ဒါဟာ စစ်အုပ်စုရဲ့ ကလိမ်ကကျစ်ကျမှုဖြစ်တယ်။

စစ်အုပ်စုတာဝန်ရှိသူတွေက ဆန္ဒမဲလာပေးသူဦးရေရဲ့ အများစုထောက်ခံဆန္ဒမဲနဲ့ အတည်ပြုနိုင်တယ်လို့ အလွတ်သဘောပြောဆိုလာတာတွေကိုလည်း လေ့လာတွေ့ရှိရတယ်။ ဒီအတွက် စစ်အုပ်စုရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန္ဒခံယူပွဲကို လက်မခံနိုင်လို့ ဆန့်ကျင်သူတွေက မဲရုံမသွားဘဲ ဆန့်ကျင်သပိတ်မှောက်နေလိုက်ရင် ကျနော်တို့ရရှိမယ့် ဒီမဲတွေဟာ ကန့်ကွက်မဲမဖြစ်လာဘဲ ကြားနေမဲဖြစ်သွားနိုင်တယ်။ မဲလာပေးသူ စစ်အုပ်စုရဲ့ နောက်လိုက်ဆန္ဒမဲနဲ့ပဲ အတည်ပြုချက်ယူသွားနိုင်တယ်။ ဒီအတွက် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်းအနေနဲ့ မိမိရဲ့ဆန့်ကျင်မှု၊ လက်မခံနိုင်မှုကိုဖော်ပြနိုင်ဖို့ မဲရုံကိုသွားပြီး ကန့်ကွက်မဲကို မဖြစ်မနေထည့်ကြဖို့လိုမယ်။

ဘယ်လောက်ဘဲ ခြိမ်းခြောက်မှုတွေ၊ ဖိနှိပ်မှုတွေရှိရှိ အမျိုးသားရေးတာဝန်တရပ်အနေနဲ့ သတ္တိရှိရှိ ကန့်ကွက်မဲသွားပေးကြဖို့ တိုက်တွန်းလိုပါတယ်။ ဒီနည်းလမ်းဟာ လူထုရဲ့ပူးပေါင်းပါဝင်မှုကို များများရရှိနိုင်မယ့်၊ လူထုလိုက်ပါနိုင်မှု အများဆုံးရှိနိုင်မယ့်၊ မိမိတို့အတွက် အားအသာဆုံးနည်းလမ်းဖြစ်တယ်။ နအဖရဲ့ လူထုဆန္ဒခံယူပွဲဥပဒေနဲ့အညီ တိုက်ပွဲဝင်တာဖြစ်တဲ့အတွက် ပြည်သူတွေအတွက် လုံခြုံမှုရှိတယ်။ မဲပေးပိုင်ခွင့်ရှိသူတိုင်း မိမိရဲ့ နိုင်ငံရေးအခွင့်အရေးကို အမိအရဆုပ်ကိုင်ပြီး တိုက်ပွဲဝင်တာလည်း ဖြစ်တယ်။

*မေး ။ ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက (၉၀) ရလဒ် ပယ်ဖျက်ခံရခြင်း၊ မခံရခြင်းဟာ အဲန်အယ်လ်ဒီအတွက် ပြဿနာမဟုတ်ဘူး။ ပြဿနာက အခြေခံဥပဒေမူကြမ်း အတည်ဖြစ်သွားခြင်း၊ မသွားခြင်းသာဖြစ်တယ်လို့ ဖြေသွားတဲ့အပေါ်မှာ ဦးမျိုးဝင်း ဘယ်လိုသုံးသပ်ချင်ပါသလဲ။*

ဖြေ ။ ။ နအဖ စစ်အုပ်စုဟာ ပြည်သူလူထုနဲ့ နိုင်ငံတကာမိသားစုကြီးရဲ့ လိုလားတောင်းဆိုမှုဖြစ်တဲ့ တွေ့ဆုံဆွေးနွေးရေး၊ (၉၀) ရွေးကောက်ပွဲရလဒ်အပေါ် အခြေခံတဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး အစီအစဉ်ကိုဖော်ဆောင်ရေး စတာတွေကိုမျက်ကွယ်ပြုပြီး အတုအယောင်အမျိုးသားညီလာခံကိုကျင်းပခဲ့တာ၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို တဖက်သတ်ရေးဆွဲခဲ့တာ၊ လူထုဆန္ဒခံယူပွဲ လုပ်လာတာနဲ့ နောက်ထပ် ရွေးကောက်ပွဲအသစ်လုပ်မယ့် အစီအစဉ်တွေဟာ (၉၀) ရွေးကောက်ပွဲရလဒ်ကို ပယ်ဖျက်နိုင်ဖို့၊ ကျော်နင်းနိုင်ဖို့ အတွက်ဖြစ်တယ်။

၁၉၉၀ လူထုဆန္ဒကို ၂၀၀၈ အတုအယောင် လူထုဆန္ဒနဲ့ချေဖျက်ချင်လို့ဖြစ်တယ်။ ဒီအတွက် (၉၀) ရလဒ်နဲ့လူထုဆန္ဒခံယူပွဲဟာ ခွဲခြားမရတဲ့ ခေါင်းနဲ့ပန်းလိုပဲဖြစ်တယ်။ အနိုင်ရပါတီတရပ်အနေနဲ့ တမျိုးသားလုံးရဲ့ အကျိုးစီးပွားအတွက် စစ်အာဏာရှင်စနစ် ရာသက်ပန်တည်ရှိစေမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်မှာ အလေးထားတင်ပြနေတာကိုလည်း နားလည်လက်ခံနိုင်ပါတယ်။

ဒီလိုတင်ပြနေခြင်းဟာ စစ်အုပ်စုရဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပေါ် နိုင်ငံရေးအရ ထိုးနှက်တိုက်ခိုက်မှုတခုဖြစ်တဲ့ (၉၀) ရလဒ်ကို အဓိကထားပြီး အာဏာပြဿနာကို ရှေ့တန်းတင်နေတယ်ဆိုတဲ့ မတရားစွပ်စွဲချက်ကို ရှောင်လွှဲနိုင်ဖို့နဲ့ ပြည်သူလူထုကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေကိုလက်မခံကြဖို့ ရှင်းလင်းတိကျတဲ့ သဘောထားတင်ပြနိုင်ဖို့ ရည်ရွယ်တာလို့ပဲ သုံးသပ်မိတယ်။

*မေး ။ ။ နိုင်ငံတကာရဲ့ထောက်ခံမှုဟာ မြန်မာပြည်ပြောင်းလဲရေးအတွက် ဘယ်လောက်ထိ (ဘယ်နှစ်ရာခိုင်နှုန်းလောက်များ) အရေးပါနိုင်ပါသလဲ။*

*စာမျက်နှာ (၂၇) ကော်လံ (၁) သို့...*

*စာမျက်နှာ (၁၆) ဂမ်ဘာရီမြန်မာပြည်ခရီးစဉ်မှ...*

များ အရသိရသည်။

သောကြာနေ့က မစ္စတာဂမ်ဘာရီနှင့် တွေ့ဆုံစဉ် ၎င်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပတ်သက်၍ ကျင်းပမည့်လူထုဆန္ဒခံယူပွဲအား မည်သည့်အကြောင်းကြောင်းကြောင့်နှင့်မှ ပြောင်းလဲမည်မဟုတ်ကြောင်းနှင့် မစ္စတာ ဂမ်ဘာရီသည် ဒေါ်အောင်ဆန်းစုကြည်ဘက်မှ ဘက်လိုက်နေကြောင်း နအဖပြန်ကြားရေး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက စွပ်စွဲပြောဆိုခဲ့သည်။

စစ်အစိုးရ၏ သတင်းဌာနများက လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့် မစ္စတာဂမ်ဘာရီတွေ့ဆုံခြင်း သတင်းဓာတ်ပုံကို ဖော်ပြရုံမှတပါး သူတို့၏ အပြန်အလှန်ဆွေးနွေးစကားတို့အား အသေးစိတ်ဖော်ပြပေးခြင်းမရှိပေ။

အနောက်နိုင်ငံများက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ရွေးကောက်ပွဲတွင်ပါဝင်ခွင့်မပြုခြင်းအပေါ် ကန့်ကွက်ပြစ်တင်ခဲ့ကြပြီး ဗြိတိသျှဝန်ကြီးချုပ်ဂေါ်ဒွန်ဘရောင်းက ဒေါ်အောင်ဆန်းစုကြည်အားလွှတ်ပေးရန်နှင့် တရားဝင်နိုင်ငံရေးလုပ်ရှားဆောင်ရွက်ခွင့်ပေးရန်တို့ကို တောင်းဆိုလိုက်သည်။

ဘရောင်းက ဒေါ်စုနှင့် မစ္စတာဂမ်ဘာရီတို့၏ တွေ့ဆုံမှုကိုကြိုဆိုလိုက်သော်လည်း "ကျနော်တို့ဘာလိုချင်လဲဆိုတာက သူအကျဉ်းကျခံနေရတာကနေ လွတ်လပ်ရမယ်။ ပြီးတော့ နိုင်ငံရေးအကျဉ်းသားတွေအားလုံးကိုလည်း လွှတ်ပေးရမယ်။ သူ့ကိုလည်း လွတ်လပ်ပြီးတရားမျှတတဲ့ ဒီမိုကရေစီနည်းကျတဲ့ရွေးကောက်ပွဲမှာ ပါဝင်ခွင့်ပေးရမယ်။ သူ့ကို တိုင်းပြည်က လူထုခေါင်းဆောင်အဖြစ် ရွေးကောက်ထားပြီးသားသာဖြစ်တယ်" ဟု ပြောခဲ့သည်။

*❑ မတ်လ (၈) ရက်၊ အေပီ*

ကုလ၏အထူးကိုယ်စားလှယ်သည် မြန်မာပြည်အတွင်း အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် နိုင်ငံရေးအခြေအနေများတွင် တိုးတက်ပြောင်းလဲမှုများရှိလာစေရေးအတွက် ဒေါ်အောင်ဆန်းစုကြည်နှင့်လည်းကောင်း၊ အခြားအတိုက်အခံ ပါတီအဖွဲ့ဝင်များနှင့်လည်းကောင်း၊ မတ်လ (၈) ရက်၊ စနေနေ့က တွေ့ဆုံခဲ့သည်။ စစ်ခေါင်းဆောင်များက မစ္စတာဂမ်ဘာရီ၏ ကမ်းလှမ်းချက်များကို ခါးခါးသည်းသည်း ငြင်းဆန်ခဲ့ပြီးနောက် ဤသို့တွေ့ဆုံခွင့်ရခဲ့ခြင်းဖြစ်သည်။

မစ္စတာဂမ်ဘာရီသည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး မစ္စတာဘန်ကီမွန်း၏ ကိုယ်စား ဒေါ်အောင်ဆန်းစုကြည်နှင့်လည်းကောင်း၊ တိုင်းရင်းသားခေါင်းဆောင်များနှင့်လည်းကောင်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်လည်းကောင်း၊ ဒေါ်စု၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဒီချုပ်) အပါအဝင် နိုင်ငံရေးပါတီအများအပြားနှင့်တွေ့ဆုံခဲ့သည်။

ဒီချုပ်၏ ခေါင်းဆောင်ပိုင်းလူကြီးများနှင့် မစ္စတာဂမ်ဘာရီ၏ နံနက်ပိုင်း တနာရီကြာတွေ့ဆုံမှုတွင် မစ္စတာဂမ်ဘာရီအား နိုင်ငံရေးအကျဉ်းသားအားလုံးကိုလွှတ်ပေးရန်နှင့် စစ်အစိုးရနှင့်တွေ့ဆုံဆွေးနွေးရေး အရှိန်မြှင့်ဆောင်ရွက်ရန်တို့ကို တောင်းဆိုခဲ့ကြကြောင်း ဒီချုပ်၏ ပြောရေးဆိုခွင့်ရှိသူတဦးကပြောသည်။

သတင်းနှင့်ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဂမ်ဘာရီအားပြောရာတွင် မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားဟူ၍ မရှိကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အား ထိန်းသိမ်းထားရခြင်းမှာလည်း တိုင်းပြည်၏အေးချမ်းတည်ငြိမ်မှုအား ထိပါးနှောင့်ယှက်သောကြောင့် ဟု ပြောသည်။

ကုလသမဂ္ဂက တွေ့ဆုံဆွေးနွေးရေးအတွက် ကြိုးစားနေဆဲဖြစ်သော်လည်း စစ်အုပ်စုကမှ မည်သည့်အပြောင်းအလဲကိုမှ ဆောင်ရွက်မည့်လက္ခဏာကို မပြခဲ့ပေ။ မြန်မာနိုင်ငံ၏နိုင်ငံ

*စာမျက်နှာ (၁၈) ကော်လံ (၄) သို့...*




## ၂၀၀၈ ခုနှစ်၊ မေလတွင်းကျင်းပမည့်ပြည်သူ့ဆန္ဒခံယူပွဲဖွဲ့စည်းပုံအကြောင်းသိကောင်းစရာများ

| | |
|---|---|
| ရယက (ရပ်ရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ) ဥက္ကဋ္ဌသည် | - ဆန္ဒခံယူပွဲကော်မရှင် ဥက္ကဋ္ဌ |
| ရယက အတွင်းရေးမှူး | - ဆန္ဒခံယူပွဲ ကော်မရှင်အတွင်းရေးမှူး |
| ရယက အဖွဲ့ဝင် | - ကော်မရှင်အဖွဲ့ဝင် |
| လူ (၁၀၀၀) | - မဲပုံး (၁) ပုံး |
| မဲ (၁) ပုံး | - မဲရုံမှူး (၁) ယောက်၊ အဖွဲ့ဝင် (၂)၊ လုံခြုံရေး(သို့မဟုတ်) မဲရုံအကူ (၂) |

မဲပုံး (၁) ပုံးထဲတွင်သာ ထောက်ခံမဲရော၊ ကန့်ကွက်မဲပါ စု၍ထည့်ရမည်ဖြစ်သည်၊

(၇၄) ခုနှစ်မှာကျင်းပမယ့် ပြည်သူ့ဆန္ဒခံယူပွဲအတွက် (၇၃) ခုနှစ် နှောင်းပိုင်းကစပြီး အစိုးရက စည်းရုံးရေးဆင်းပါတယ်။ (ဗိုလ်ချုပ်အောင်ဆန်းတို့ရေးဆွဲခဲ့တဲ့ ၁၉၄၇ ခုနှစ်အခြေခံဥပဒေကို အစားထိုးဖို့အကွက်ဆင်ရေးဆွဲထားတဲ့ မဆလတည်မြဲရေးဥပဒေကို အတည်ဖြစ်အောင် ကြိုးပမ်းမှုတရပ်ပါ။)

အဲဒီ ဒီဇင်ဘာလတခုသော ညနေမှာ ဖွင့်ထားတဲ့ရေဒီယိုကနေ အလွန်ထူးဆန်းတဲ့ ဂီတသံတခု လေထုထဲကိုဖျတ်ကနဲ ဝင်ရောက်လာခဲ့တယ်။ မြန်မာ့ရိုးရာအိုးစည်တေးကို လူငယ်တွေရဲ့ဂီတာနဲ့ တီးခတ်လိုက်တဲ့အသံ။ အဲဒီအချိန်က ဂီတာသံ (တနည်း) စတီရီယိုတေးဂီတကို လူငယ်တွေက အားလုံးလက်ခံနှစ်ခြိုက်ပေမယ့် ရိုးရာအစွဲအလမ်းနဲ့ လူကြီးတွေရော၊ အုပ်စိုးသူတွေကော၊ လက်မခံပိတ်ပင်တားမြစ်တာကို ခံနေရတဲ့အချိန်။ သရုပ်ပျက်တေးဂီတလို့ သတ်မှတ်ထား စွပ်စွဲဖယ်ရှားထားကြတာ။ ဒါကို မြန်မာ့အသံကထုတ်လွှင့်ပေးတယ်ဆိုတော့ အံ့သြရတာပေါ့။ ဘယ်လိုလဲ။ မြန်မာ့အသံက စတီရီယိုဂီတကို လက်ခံလိုက်ပြီလား။ အယူအဆပြောင်းလဲလိုက်ပြီး စတီရီယိုတေးတွေကို စင်မြင့်ပေါ်တင် ထုတ်လွှင့်နေပြီလား။

“မဲရုံမဲရုံကိုလာ၊ တပြည်လုံးမဲဆန္ဒနဲ့ ....
တပြည်လုံးမဲဆန္ဒနဲ့ ....
ပျော်ပျော်ရွှင်ရွှင် ကြည်ကြည်လင်လင်
(တိုင်းနဲ့ပြည်နဲ့ အမြဲပဲတို့မကွာ ....)၂
မဲရုံကို မဲရုံကို
လာကြ .... လာကြ .... မဲသွားပေးမယ်ကွာ ....”

နောင်ဆိုရင် စတီရီယိုသီချင်းတွေကို တေးသံသွင်းဆိုင်တွေမှာ ကက်ဆက်ရှိတဲ့အိမ်တွေကို တကူးတကသွားပြီးနားမထောင်ရတော့ဘဲ ကိုယ့်အိမ်က ရေဒီယိုကနေဖွင့်နားဆင်ရတော့မှာပဲဆိုပြီး ပျော်နေမိတာတခုပါပဲ။ ဆန္ဒခံယူပွဲပြီးတော့ ဒုံရင်းဒုံရင်း မြန်မာ့အသံပဲပေါ့။

အဲဒီတုန်းက ကျနော့်အကိုက ရန်ကုန်မှာနေတော့ သူတို့တွေ ရွေးကောက်ပွဲအတွက် သန်းကောင်စာရင်းတွေကောက်တာကို လုပ်အားပေးခဲ့ရတယ်။ စေတနာ့ဝန်ထမ်းပေါ့။ နောက်ပြီးတော့ သတင်းစာထဲမှာ ရုပ်ရှင်မင်းသားကျော်ဟိန်းနဲ့အတူ စာပေသမားတွေ၊ ဂီတသမားတွေ၊ ဖျော်ဖြေရေးမော်တော်ကားတစီးနဲ့ ညဘက်တွေဆိုရင် ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်မှာလိုက်ပြီးတော့ အခြေခံဥပဒေထောက်ခံမဲဆွယ်စည်းရုံးတာ တွေ့လိုက်ရတယ်။

ကျနော်က (၁၃) နှစ်သား လူငယ်တဦးအနေနဲ့ နိုင်ငံရေးကိုနားမလည်နိုင်သေးပေမယ့် အဲဒီအချိန်ခါက လူတွေကြားထဲ တီးတိုးဝေဖန်နေကြတာတွေတော့ကြားတယ်။ တိုင်းမ်မဂ္ဂဇင်းထဲမှာပါတဲ့ ကာတွန်းပုံမှာ ဦးနေဝင်းက စစ်ဝတ်စုံတခြမ်းဝတ်ထားပြီး တခြမ်းက ခေါင်းပေါင်းနဲ့ ပုဆိုးနဲ့ပြည်သူပေါ့။ သူ့ရဲ့ စစ်ဝတ်စုံဝတ်ညာလက်က ခေါင်းပေါင်းပေါင်းထားတဲ့ တိုက်ပုံဝတ်ထားတဲ့ ဘယ်လက်ထဲကိုအာဏာလွှဲနေပုံဟာ လူကြီးတွေပြောအများဆုံးကာတွန်းအကြောင်းပါပဲ။ အခုအမြင်နဲ့ပြောရရင် ဗိုလ်ချုပ်ကြီးနေဝင်းက ဥက္ကဋ္ဌကြီးနေဝင်းလက်သို့ လွှဲပြောင်းလိုက်သည်။ အဲဒါ ၁၉၇၄ ရွေးကောက်ပွဲပါပဲ။




၁၉၇၄ ခုနှစ်မှာ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ တော်လှန်ရေးကောင်စီကနေ ဥက္ကဋ္ဌကြီး ဦးနေဝင်းရဲ့ အရပ်သားအစိုးရလက်ထဲကို (ပြည်သူလူထုတရပ်လုံး တခဲနက်ထောက်ခံလိုက်တဲ့ အခြေခံဥပဒေအရဆိုပြီး) အာဏာလွှဲပြောင်းပေးလိုက်တယ်။ ကိုယ့်ဖဲကိုယ်ချိုး၊ ကိုယ်ဖဲကိုယ်ဆင်လုပ်ခဲ့တယ်။ ခိုင်ပြီ၊ မြဲပြီ၊ တရားဝင်ပြီပေါ့ဆိုပြီး အာဏာသွေးနထင်ရောက်သွားတော့ ....

၁၉၇၄ ဇွန်လမှာ ငတ်နေတဲ့အလုပ်သမားထုကို တကြိမ်။

၁၉၇၄ ဒီဇင်ဘာလမှာတကြိမ် ကျောင်းသား ရဟန်း၊ ပြည်သူလူထုကြီးကို ရက်ရက်စက်စက်လက်နက်နဲ့ ပစ်ခတ်သတ်ဖြတ်ပစ်လိုက်တယ်။

ဒါကြောင့် ဘာမှမသိတဲ့ ကျနော်တို့ ကျောင်းသားလူငယ်တွေ အာဝဇ္ဇန်းကောင်းကောင်းနဲ့ ဆိုရှယ်လစ်ပန်းတိုင်ကြီးဆီ အရောက်လှမ်းနိုင်တော့မယ်ဆိုတဲ့ လှိမ့်လုံးဖြီးလုံးတွေကို အယုံအကြည်မဲ့သွားကြပြီ။ ကျောင်းသားသတ်တယ်။ အလုပ်သမားသတ်တယ်။ ပြည်သူလူထုကြီးကိုသတ်တယ်။ ဘေးပတ်ဝန်းကျင်မှာလည်း တွေ့နေရတယ်။

အာဏာအခြေခိုင်ပြီဆိုတာနဲ့ အုပ်ချုပ်သူအကြီးအကဲ၊ မြို့နယ်ပြည်နယ်ကောင်စီအဆင့်ဆင့်၊ ယူနစ်ရေးရာဥက္ကဋ္ဌ၊ သမဝါယမဥက္ကဋ္ဌ၊ စတာတွေက ပြည်သူလူထုကြီးနဲ့ စည်းခြားပြီး အခွင့်ထူးတွေ ခံစား၊ စံစားနေကြတာ တရားဝင်ပဲလေ။ (၇၄) အခြေခံဥပဒေအရ သူတို့ရွေးချယ်တင်မြှောက်ခံထားရတာဆိုတော့ တရားဝင်စားကြ၊ ဘုံးကြပေါ့။ ဘာပစ္စည်းမဆို သူတို့ဝယ်ခွင့်ရတဲ့ သူတို့ဆိုင်က သတ်သတ်၊ ဝယ်တော့လည်း ပစ္စည်းတခုကို အလကားနီးပါးဈေးနှုန်း (အစိုးရဈေးနှုန်း) နဲ့ ရကြတယ်။

ပြည်သူတွေမှာတော့ ဆီစာအုပ်၊ ဆန်စာအုပ်၊ မှောင်ခိုဈေး၊ ဆူညံအော်ဟစ်တိုးဝှေ့ ဆဲဆိုရန်ဖြစ်ကြနဲ့ (ဝယ်လို့ရတော့လည်း ဘာမှမဟုတ်ဘူး။ အပ်ချည်လုံးလောက်၊ တယောတံတဆိပ်မီးခြစ်ဖာလောက်ရတာ) ဒါတွေကို လူထုတွေက မသိမဟုတ်၊ သိပေမယ့် ရက်ရက်စက်စက်သတ်ဖြတ်ပြထားတော့ အပြင်ဘန်းကကြည့်ရင်တော့ ငြိမ်ဝပ်ပိပြားနေသယောင်ယောင်ပါပဲ။

ကျနော်တို့ ကျောင်းသားလူငယ်တွေကတော့ ဘယ်တုန်းကမှ မတရားမှုကို ခေါင်းငုံ့ငြိမ်ခံမနေကြဘူး။ အဲဒီတုန်းက ကျနော်တို့ မော်လမြိုင်ဘက်ကိုစိမ့်ဝင်တာက ဦးနု၊ ဦးသွင်၊ ဗိုလ်လကျ်ာတို့ရဲ့ ပါလီမန်ဒီမိုကရေစီပါတီ၊ ကျနော်တို့မော်လမြိုင်နဲ့သူတို့ရဲ့ တော်လှန်ရေးနယ်မြေနဲ့က ဆက်စပ်တယ်လေ။ အဲဒီတော့ ကျနော့်သူငယ်ချင်း ကျောင်းသားလေးတွေလည်း ပါလီမန်ဒီမိုကရေစီပါတီထဲ တဖွဲဖွဲရောက်သွားကြတာပေါ့။

၁၉၇၇ ခုနှစ်မှာ ကျနော့်အသက် (၁၇) နှစ်မှာ ကျနော့်သူငယ်ချင်းတဦးက အဲဒီပါတီနဲ့ဆက်နွယ်တာကြောင့် အတူအဖမ်းခံရပြီး အင်းစိန်ထောင်ထဲ ခေတ္တရောက်သွားရတယ်။ ထောင်ထဲမှာ တိုက်ထဲမှာအတူနေခဲ့ရတဲ့ ကျောင်းသားလူငယ်တွေ၊ အလုပ်သမားရဲဘော်တွေ၊ ပါလီမန်ဒီမိုကရေစီပါတီဝင်တွေ၊ နောက်ပြီး အထဲမှာကြားရတာ ဦးကျော်ငြိမ်းသားတွေက ပါလီမန်ဒီမိုကရက်တစ်တွေ၊ အများစုလူငယ်ထုကတော့ ကွန်မြူနစ်ပါတီရဲ့ အလံကိုင်ကျောင်းသားတွေပေါ့။ အဲဒီလို စစ်အစိုးရကိုဆန့်ကျင်တဲ့ လူငယ်ထုကြီးကို ထောင်ထဲမှာ မျက်ဝါးထင်ထင်မြင်ခွင့်ရခဲ့ရတဲ့ ကျနော်ဟာ ထောင်ကလွတ်တော့ ဘာလုပ်သလဲ။

စစ်အစိုးရကိုဆန့်ကျင်ရေးပဲ ဇောက်ချလုပ်တော့တာပေါ့။

အဲဒီတော့ ၁၉၇၈ လား၊ ၁၉၇၉ လား မမှတ်မိတော့တဲ့ အဲဒီနောက်တကြိမ် မဆလရွေးကောက်ပွဲကြီးရောက်လာရော၊ အဲဒီမှာ (၁၈) နှစ်ပြည့်တဲ့အတွက် ကျနော်မဲဆန္ဒပေးနိုင်ခွင့်ရပြီ။

မဲရုံက (၉) နာရီကဖွင့်တာ (၄) နာရီမှာပိတ်တယ်။ ဒီတော့ သူတို့က (မဆလ) က ကျနော့်အကြောင်းမသိတော့ “ဘာလဲ ဒီကောင်လေးရှက်လို့လားပေါ့။ မဲရုံကို မဲလာပေးရမှာ ရှက်လို့လားပေါ့”

သရော်တော်တော်နဲ့ မဲပုံးကို အဲဒီကောင်လေးအိမ်ကို ယူလာပေးရမလားပေါ့။ အဲဒီလိုလဲ ပြောလိုက်သေးတယ်။ ကျနော်ကတော့ဘာမှမပြောဘူး။ မဲလည်းသွားမထည့်ဘူး။ ကျနော့်နည်း၊ ကျနော့်ဟန်နဲ့ ကျင်းပလိုက်တဲ့ တကိုယ်တော်ဆန္ဒပြပွဲပေါ့။ အဲဒီအကြောင်း နောက်တနေ့ (၇၆) မှာ ထောင်ကျဖူးတဲ့ ကျနော့်မိတ်ဆွေ၊ မှိုင်းရာပြည့်ကျောင်းသားကို ပြောပြတော့သူက ‘ခင်ဗျားမှာ ဘာရိုက်ခတ်မှုမှ မရှိဘူးလား’ လို့ပြောပြီး အံ့သြသွားခဲ့တယ်။ ဆိုချင်တာက အဲဒီတုန်းက လူအများစုဟာ အစိုးရကို တိုက်ရိုက်ဆန့်ကျင်မှုမပြခဲ့ကြဘူး။ တီးတိုးစကားနဲ့သာ ဝေဖန်တတ်ကြတာပါပဲ။ မဲဆန္ဒပေးကြဆိုရင်လဲ သွားပြီးအဖြူထဲပဲထည့်ပြီး ပြန်လာကြဟန်နဲ့တူပါတယ်။ ကျနော်ပြောတာ သာမန်ပြည်သူနော်။

ဘာတဲ့ .... အဲဒီတုန်းက စကားလုံးတွေ၊ စလိုဂန်တွေတောင် အထင်အရှားရှိသေးတယ်။

“မလုပ်၊ မရှုပ်၊ မပြုတ်”တဲ့။

“နံရံကို ခေါင်းနဲ့မတိုက်နဲ့”တဲ့။

၁၉၇၈ ရွေးကောက်ပွဲတုန်းက ရန်ကုန်မြို့တနေရာမှာ ပြည်သူတဦးက ထောက်ခံမဲထည့်တဲ့ အဖြူပုံးထဲကို မှင်တွေလောင်းထည့်ကန့်ကွက်ဆန္ဒပြခဲ့တာ သတင်းစာမှာဖတ်ပြီးသိလိုက်ရတယ်။ အဲဒီလူကို ရွေးကောက်ပွဲဥပဒေအရ ဖမ်းဆီးအရေးယူထောင်ချလိုက်တယ်။ နိုင်ငံရေးအတွေးအမြင် ကျယ်ပြန့်ထွန်းကားတဲ့သူတွေရဲ့ လုပ်ဆောင်ချက်တခုပေါ့ဗျာ။

(၈၄–၈၅) မှာကျင်းပတဲ့မဆလရဲ့ ရွေးချယ်တင်မြှောက်ပွဲကျတော့ ကျနော်အနည်းအကျဉ်း စိတ်ဝင်စားမှုရှိလာတယ်။ နိုင်ငံရေးအသိအမြင်လည်း အနည်းငယ်ရင့်ကျက်လာတော့ မဲမဲမြင်ဆန့်ကျင်တဲ့ပုံစံမျိုးမဟုတ်တော့ဘူး။ (၅/ည) နဲ့ ထောင်လည်းကျဖူးခဲ့ပြီ။ ရွေးချယ်ပွဲမလုပ်ခင် ကျနော်တို့ရပ်ကွက်ထဲက အခန်းကျယ်ကျယ်တခုမှာ ကျနော်တို့ရပ်ကွက်ကတင်မြှောက်မယ့် ရပ်ကွက်ကောင်စီဥက္ကဋ္ဌလောင်းက ရပ်ကွက်သူရပ်ကွက်သားတစုကိုဖိတ်ပြီး မဲထည့်ပုံ မဲထည့်နည်း၊ နောက်ပြီး သူ့ရဲ့ကိုယ်ရေးရာဇဝင်၊ အဲဒါတွေကို ရှင်းလင်းပြောဆိုတယ်။

အဲဒီတုန်းက ဘွဲ့ရပညာတတ်တွေကလည်း နည်းတဲ့အချိန်၊ ဥက္ကဋ္ဌလောင်းက ‘ဘွဲ့ရ’ဆိုတာနဲ့ ကျနော်တို့ရပ်ကွက်ထဲက လူငယ်တွေ လက်ခံလိုက်ကြတဲ့အသံတွေ ထွက်လာတယ်။

ကဲ .... ဒါနဲ့ မဲထည့်တဲ့နေ့ရက်ရောက်လာပြီ။ ကျနော်က ကိုယ့်ကိုယ်ကို နည်းနည်းပြင်လိုက်ပြီး မဲထည့်မယ်။ ဒါပေမယ့် ကျနော်မသိတဲ့မြို့နယ်၊ ပြည်နယ်နဲ့တိုင်းကလူတွေကို ကျနော်ကန့်ကွက်မဲပေးမယ်။ ကျနော်လုံလုံလျားလျားသိတဲ့ ကိုယ့်ရပ်ကွက်ထဲက ကိုယ့်လူကိုတော့ ထောက်ခံမဲအဖြူပေးမယ်။ ကျန်တာ အမည်းပေးမယ်။ အဲသလို ရည်ရွယ်ထားတယ်။ အဲဒီအတိုင်းလဲ ထည့်တယ်။

မဲထည့်ပုံမဲထည့်နည်းက ဒီလိုခင်ဗျာ။

မဲရုံစောင့်တွေက ဆရာ၊ ဆရာမနဲ့ ကြက်ခြေနီတို့၊ မီးသတ်တို့၊ ဆရာမတယောက်စီမှာ ကိုယ်မဲထည့်ရမယ့် မဲပြားကိုယူပြီးရင် မဲရုံ (၄) ခန်းဆောက်လုပ်ထားတယ်။ အဆင့်ဆင့် (၄) ခန်း။ ရပ်ကွက်၊ မြို့နယ်၊ ပြည်နယ်တိုင်း (ဗဟို) ပေါ့။ အဲဒီအခန်းထဲမှာ မဲပုံး (၂) ပုံးစီရှိတယ်။ တခန်းကို (၂) ပုံးစီ။ တပုံးက အမှန်လက္ခဏာနဲ့ အဖြူရောင်ပုံးဖြစ်ပြီး တပုံးက အမည်းရောင်ပုံး။ အမည်းလက္ခဏာရေးထားတယ်။ ကိုယ့်မဲပြားကတော့ ရိုးရိုးကဒ်ထူးပြားကလေးတခုပဲဖြစ်တယ်။ အဲဒီကိုယ့်မဲပြားကို ကြိုက်တဲ့မဲပုံးမှာထည့် အဲသလိုပေါ့။ ကိုယ့်ဆန္ဒအလျောက်ပေါ့။

ဒါပေမယ့် မဲရုံဆောက်ထားတာက သုံးထပ်သားနဲ့ လေးစကာအခန်းငယ်၊ လိုက်ကာတပ်ထားတဲ့ဝင်ပေါက်တခုရှိပြီး အဲဒီလိုက်ကာဟာ ကြမ်းပြင်နဲ့ တတောင်တိတိ လွတ်နေတယ်။ မဲပုံးထားတဲ့အခန်းထဲမှာ စားပွဲနှစ်လုံးရှိပြီး အပေါက်ဝလိုက်ကာနားမှာ အဖြူမဲပုံးကိုထားတယ်။ အတွင်းဘက်ကျကျစားပွဲ ပေါ်မှာ အမဲမဲပုံးကိုထားတယ်။ အဲဒီတော့ မဲထည့်တဲ့လူဟာ အဖြူထဲကိုထည့်သလား။ အမဲကိုထည့်သလားဆိုတာ မဲရုံခန်းထဲကို မဲဝင်ထည့်သူရဲ့ခြေထောက်ကိုကြည့်ခြင်းအားဖြင့် သေချာပေါက်ပြောနိုင်တယ်။

အဲဒီအချိန်တုန်းကလဲ တတိယအကြိမ်သက်တမ်း ပြည်သူ့လွှတ်တော်ရွေးချယ်တင်မြှောက်ပွဲဆိုတော့ အုတ်မြစ်က နဲနဲခိုင်နေပြီလေ။ လုပ်ချင်ရာလုပ်လို့ လွယ်လွယ်လေးရနေတယ်။ မဲရုံ တရုံနဲ့တရုံအပြိုင်အဆိုင်၊ ကန့်ကွက်သူမရှိ။

‘ဒို့ရပ်ကွက်က (၁၀၀) ရာခိုင်နှုန်း ထောက်ခံလိုက်ပြီ’လို့ တခဲနက်ကြွေးဝါးအော်ဟစ်ဆူညံပြီး ကားနဲ့၊ အိုးစည်းဗုံမောင်းနဲ့ လော်စပီကာနဲ့ မဆလတွေ တမြို့လုံးလှည့်ကြွေးကြော်သွားကြလေရဲ့။ ဘုရားရေ ကျနော်ကိုယ်တိုင်ထည့်ထားတဲ့အမည်းတွေလည်း အဖြူအဖြစ်သို့ အရှင်လတ်လတ် ပြောင်းလဲသွားပါပကော။

## ၉၀ ခုနှစ်ရွေးကောက်ပွဲ

၁၉၈၅ ခုနှစ်ရဲ့ နေ့တနေ့မှာ ရုပ်မြင်သံကြားကနေ အရှိက်ဆိုတဲ့ဇာတ်လမ်း ထုတ်လွှင့်ချိန်ကို ခေတ္တရပ်ဆိုင်းပြီး (၁၀၀) တန်၊ (၅၀) တန် ငွေစက္ကူတွေ တရားမဝင်ဖျက်သိမ်းလိုက်ပြီလို့ကြေညာပြီး ပြည်သူ့ရင်ဝရဲ့ အရှိက်တည့်တည့် အကန်ခံလိုက်ရတာတွေ၊

စာမျက်နှာ (၂၁) ကော်လံ (၁) သို့...



# ပေးပေး ... မပေးပေး... ဂျိအာဏာပေး

ကာတွန်း

ကူမိုးကြိုး



*မျက်နှာဖုံး သတင်းမှ....*

ဆိုသည့် ပြည်သူ့ဆန္ဒခံယူပွဲတွင် နိုင်ငံတကာမှ လေ့လာသူများ လာရောက်စောင့်ကြည့်ရန် ဆိုသည့်အချက်ကို ပယ်ချလိုက်ကြောင်းပါဝင်သည်။ ထို့အပြင် ဒေါ်စုနှင့် သူမ၏ပါတီအား ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရာတွင် ပါဝင်ခွင့်ပြုသင့်သည်ဆိုသော အချက်ကိုလည်း အလားတူပယ်ချခဲ့သည်။

သတင်းနှင့်ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရေးပြီးသားဖွဲ့စည်းပုံအခြေခံဥပဒေအား အသစ်ပြန်ပြင်ရန် မဖြစ်နိုင်ကြောင်းနှင့် ပြည်သူ့ဆန္ဒခံယူပွဲကိုလည်း အစီအစဉ်ချမှတ်ပြီးဖြစ်သည့်အတိုင်း ဆက်လုပ်သွားမည်ဟု ပြောသည်။ စစ်အုပ်စုက ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြည်သူ့ဆန္ဒခံယူပွဲကျင်းပမည်ဖြစ်ကြောင်း ပြီးခဲ့သည့်လကကြေညာချက်ထုတ်ခဲ့ပြီး ၂၀၁၀ တွင် ရွေးကောက်ပွဲကျင်းပမည်ဖြစ်ကြောင်းလည်း ကြေညာခဲ့သည်။ ဤသည်မှာ ၎င်းတို့၏လမ်းပြမြေပုံအတိုင်းစတင်လှုပ်ရှားနေသော အဆင့်များအတွက် အချိန်တိကျသော ပထမဆုံးကြေညာချက်ဖြစ်သည်။

မြန်မာ့အရေးလေ့လာသူများက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ စစ်အုပ်ချုပ်ရေးကို ခိုင်မာအောင်အုပ်မြစ်ချရေးအတွက်လည်းကောင်း၊ ဒေါ်အောင်ဆန်းစုကြည်အား တရားဝင် နိုင်ငံရေးလုပ်ပိုင်ခွင့်မရရှိစေရန်လည်းကောင်း၊ ကာကွယ်ဟန့်တားနိုင်စေရေးအတွက်အသုံးပြုရန် အယောင်ဆောင်မှုတခုသာဖြစ်ကြောင်း၊ ပြောကြသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းသည် စစ်အုပ်စုကခေါ်ယူသော ညီလာခံတွင် စစ်အုပ်စုကချမှတ်ပေးထားသည့် ခေါင်းစည်းများအောက်မှသာ ရေးဆွဲခဲ့ရခြင်းဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍအား ပိတ်ပင်ခြင်းနှင့် စစ်အုပ်ချုပ်ရေးအာဏာတည်မြဲစေရေးအတွက် ပြဋ္ဌာန်းချက်ဥပဒေများပါဝင်သည်။

ဒေါ်အောင်ဆန်းစုကြည်၏ပါတီသည် ၁၉၉၀ ရွေးကောက်ပွဲတွင် မဲအပြတ်အသတ်နှင့်အနိုင်ရခဲ့သော်လည်း စစ်အုပ်စုက အာဏာလွှဲပေးရန် နှစ်နှစ်ဆယ်ကြာအောင်ပျက်ကွက်နေခဲ့သည်။ မြန်မာပြည်တွင် ၁၉၆၂ ခုနှစ်ကတည်းကစ၍ စစ်အာဏာရှင်များကသာ လက်ပြောင်းလက်လွှဲနှင့် တိုင်းပြည်ကို သိမ်းပိုက်အုပ်ချုပ်ထားခဲ့သည်။

သောကြာနေ့က နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၌ ပြန်ကြားရေးဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်တွေ့ဆုံခဲ့ရာတွင် ကုလသမဂ္ဂမှ တောင်းဆိုချက်အားလုံးကိုလည်း ပယ်ချခံခဲ့ရသည်။ ❖

## ရွှေရည်စိမ် ဒီမိုကရေစီအလိုမရှိ ... ညောင်နှစ်ပင်ဥပဒေကို ဆန့်ကျင်ကန့်ကွက်ကြ ...

## ရုပ်သေးအစိုးရ အလိုမရှိ ... ညောင်နှစ်ပင်ဥပဒေ ပယ်ဖျက်ကြ ...

ကျောက်ခေတ်စစ်တပ်မှ နိုင်ငံတကာနဲ့ ပခုံးချင်းယှဉ်နိုင်တဲ့ ဂုဏ်သိက္ခာရှိရှိ ထမင်းဝတဲ့ စစ်တပ်ဖြစ်ဖို့ ညောင်နှစ်ပင်ဥပဒေကို ဆန့်ကျင်ပယ်ချကြ...

